# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 26 , 2025 | Volume 96 , Number 16


**၂၆-၁၁-၂၀၂၅**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၁.၃၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၇.၅၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၆၇.၁၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၅.၄၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၆.၆၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၅၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၆၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၇.၇၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၁၃ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## မြန်မာနိုင်ငံနှင့် မတ်ပဲ MOU သက်တမ်းတိုးရေး အိန္ဒိယအစိုးရ ဆွေးနွေးမှုစတင်



မြန်မာနိုင်ငံနဲ့မတ်ပဲကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU)သက်တမ်းတိုး၊မတိုးဆိုတာနဲ့ပတ်သက်ပြီး အိန္ဒိယအစိုးရအဖွဲ့ထဲကဝန်ကြီးဌာနတွေ အကြား ဆွေးနွေးမှုတွေ စတင်နေပြီလို့ သိရပါတယ်။

အိန္ဒိယနိုင်ငံရဲ့ မတ်ပဲထုတ်လုပ်မှု ကျဆင်းနိုင်ခြေကြောင့် အခုလို ဆွေးနွေးမှုတွေဖြစ်ပေါ်လာရတာဖြစ်ပြီး ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကတည်းက မတ်ပဲ MoU ကို သက်တမ်းတိုးဖို့ မြန်မာအစိုးရက တွန်းအားပေးနေခဲ့တာလို့ အကြီးတန်းအရာရှိတစ်ဦးက ပြောပါတယ်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ဝန်ကြီးဌာနတွေအကြား တိုင်ပင်ဆွေးနွေးမှုတွေ စတင်နေပြီဖြစ်ပေမဲ့ နောက်ဆုံး ဆုံးဖြတ်ချက် မချရသေးပါဘူး"လို့ ဆိုပါတယ်။

၂၀၂၅ ခုနှစ် မတ်လမတိုင်မီ လွတ်လပ်စွာတင်သွင်းခွင့်အစီအစဉ် (Open General License – OGL) ရရှိရေး အိန္ဒိယအစိုးရနဲ့ G to G ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း အစိုးရ- ပုဂ္ဂလိကကုန်သွယ်မှုမြှင့်တင်ရေးကောင်စီကမေလက ပြောကြားထားတာရှိပါတယ်။

OGL အရ မတ်ပဲတန်ချိန် နှစ်သိန်းခွဲ တင်သွင်းခွင့်ရှိပေမဲ့ အိန္ဒိယအစိုးရက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှာမြန်မာနိုင်ငံကနေ မတ်ပဲတန်ချိန်ခုနှစ်သိန်းကျော် တင်သွင်းခဲ့ပြီး မတ်ပဲ တင်သွင်းမှုစုစုပေါင်းရဲ့ ၈၇ ရာခိုင်နှုန်းအထိ ရှိခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့မတ်ပဲထုတ်လုပ်မှုက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ တန်ချိန် ၂ ဒသမ ၁ သန်းအထိ ရောက်ရှိမယ်လို့ ခန့်မှန်းထားပြီး မတ်ပဲ MoU သက်တမ်းတိုးခြင်းက မြန်မာ စိုက်ပျိုးသူတွေကို ပဲမျိုးစုံဆက်လက်စိုက်ပျိုးဖို့ ယုံကြည်မှုရှိစေတယ်လို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ပြောထားပါတယ်။

အိန္ဒိယအစိုးရက သဘောတူညီချက်ကို သက်တမ်းကုန်ဆုံးစေပြီး တင်သွင်းမှုကို လျှော့ချရင် ပဲပုပ် သို့မဟုတ် နေကြာလိုမျိုး သီးနှံတွေပြောင်းလဲစိုက်ပျိုးရဖွယ်ရှိပြီး နောင်တစ်ချိန် အိန္ဒိယက ပြန်လည်တင်သွင်းဖို့ လိုအပ်လာရင်အခက်အခဲဖြစ်လာနိုင်တယ်လို့ ဆိုပါတယ်။

လက်ရှိမှာ မြန်မာနိုင်ငံအတွင်း စိုက်ဧကနဲ့ စိုက်ပျိုးသီးနှံပုံစံတွေ တည်ငြိမ်နေတာကြောင့် အိန္ဒိယထံ တင်ပို့မှုဟာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်က တင်ပို့မှုနီးပါးအထိ ရှိနေနိုင်တယ်လို့လည်း သိရပါတယ်။

**Source : BETV_Business_News**

## ယခုဘဏ္ဍာနှစ် ခုနစ်လတာ ကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၆၀၀၀ နီးပါးတင်ပို့နိုင်ခဲ့



ယခုဘဏ္ဍာနှစ် ခုနစ်လတာကာလအတွင်း ပြည်ပသို့ ပုစွန်တင်ပို့မှုအနေဖြင့် မက်ထရစ်တန် ၆၀၀၀ နီးပါး တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံက သိရ သည်။

" ဒီဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ အောက်တိုဘာ လ ၃၁ ရက်အထိ ခုနစ်လတာကာလအတွင်း ပြည်ပကို ပုစွန်မက်ထရစ်တန် ၅၉၈၆ ဒသမ ၇၃၉ တန် တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၇၅၅ သန်းရရှိခဲ့ပါတယ်"ဟု ၎င်းကပြောသည်။

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ အောက်တိုဘာ လ ၃၁ ရက်အထိ ခုနစ်လတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၅၄၄၉ ဒသမ ၈၇၉ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၈၁၅ သန်းရရှိခဲ့ကြောင်း၊ နယ်စပ် ကုန်သွယ်မှုမှ ပုစွန် မက်ထရစ်တန် ၅၃၆ ဒသမ ၈၆ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၄ သန်းရရှိသည့်အတွက် ပြည်ပသို့ စုစုပေါင်းပုစွန်မက်ထရစ်တန် ၅၉၈၆ ဒသမ ၇၃၉ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၇၅၅ သန်းရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ငါးစသည့်ရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့် နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့လျက်ရှိကြောင်း သိရသည်။

Source : https://www.myawady.net.mm/

## ဟင်းသီးဟင်းရွက်အချို့ ဈေးနှုန်းမြင့်တက်နေ



ဈေးကွက်အတွင်းက ဟင်းသီးဟင်းရွက်အချို့ရဲ့ဈေးနှုန်းတွေဟာ အခုနှစ် ခြောက်လတာကာလအတွင်း သိသိသာသာ မြင့်တက်လာတယ်လို့ ရန်ကုန်မြို့က ကုန်စိမ်းရောင်းချတဲ့သူတွေထံက သိရပါတယ်။

အဲဒီထဲမှာ ရှမ်းပြည်ဘက်ကဝင်ရောက်တဲ့ ကုန်စိမ်းတွေ ဈေးမြင့်တက်နေတာပါ။

အရင်လတွေက ပန်းဂေါ်ဖီ တစ်ပွင့်ကို ငွေကျပ် လေးထောင်သာရှိရာကနေ အခုအခါ ကျပ်ငါးထောင်အထိ ရှိနေတာဖြစ်ပြီး အားလူးကလည်း တစ်ပိဿာကို ကျပ် ၆၀၀၀ ဈေးကနေ လက်ရှိမှာ တစ်ပိဿာ ကျပ် ၈၀၀၀ ဈေးအထိ ရှိနေတယ်လို့ ဆိုပါတယ်။

ဒါ့ပြင် ဂေါ်ရခါးသီးဈေးနှုန်းတွေကလည်း အရင်က တစ်ထောင်ဖိုးကို သုံးလုံးရခဲ့ပေမဲ့ လက်ရှိမှာတော့ တစ်လုံးကို ကျပ်ငါးရာကနေ ခုနစ်ရာအထိ ရှိနေပါတယ်။ အလားတူ မုန်ညင်းထုပ်ဈေးက အရင်က ၃၀ ကျပ်သားကို ၁၀၀၀ ကျပ် ဝန်းကျင်ရှိရာကနေ လက်ရှိမှာ ၅,၀၀၀ လောက်အထိ ရှိလာတယ်လို့ ဆိုပါတယ်။

အခုလို ကုန်စိမ်းဈေးတွေ မြင့်တက်လာရတာက သယ်ယူစရိတ်နဲ့ အလုပ်သမားခတွေ မြင့်တက်လာတာအပြင် အချိန်အခါမဟုတ် မိုးရွာလို့ စိုက်ခင်းတွေ ပျက်စီးခဲ့တာကြောင့် ဖြစ်တယ်လို့ပြောပါတယ်။

ဒါ့ပြင် တခြားဟင်းသီးဟင်းရွက်တွေဖြစ်တဲ့ ခရမ်းချဉ်သီး၊ ချဉ်ပေါင်ရွက်၊ ဆလပ်ရွက်၊ ကိုက်လန်ရွက်၊ ကင်းပွန်းချဉ် စတဲ့ ဟင်းသီးဟင်းရွက်တွေကလည်း အခုခြောက်လတာကာလအတွင်း နှစ်ဆနီးပါး ဈေးမြင့်တက်ခဲ့တယ်လို့ဆိုပါတယ်။

ကုန်စိမ်းရောင်းသူတွေထဲမှာ တချို့ကစိုက်ခင်းတွေကို ကိုယ်တိုင်သွားရောက်ဝယ်ယူရောင်းချကြသလို တချို့ကတော့ ကုန်စိမ်း လက်ကားဈေးတွေက ပြန်လည်ဝယ်ယူပြီး ရောင်းချကြတာဖြစ်တယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## မှိုအုံးနက်ပေါ်ချိန်ကျော်သော်လည်း ဈေးထဲတွေ့ရမှုနည်း



ယခုနှစ်တွင် မှိုအုံးနက်ပေါ်ချိန်ကျော်လာသော်လည်း ယခင်နှစ်များထက် မန္တလေးဈေးကွက်ထဲ တွေ့ရမှုနည်းနေကြောင်း မှိုစားသုံးသူများက ဆိုပါတယ်။

မိုးအကုန် ဆောင်းအကူးပေါ်သည့် မှိုအုံးနက်မှာ ဒေသအကြိုက် မှိုအမျိုးအစားဖြစ်ပြီး ဈေးကွက်ရှိသော်လည်း နယ်မြေအခြေအနေအရ သယ်ယူရခက်ခဲမှုနှင့် ရှာဖွေရာတွင် အန္တရာယ်ရှိခြင်းကြောင့် ဈေးကွက်ထဲ တွေ့ရခဲနေကြောင်း သိရပါတယ်။

"အဝင်နည်းတော့ တွေ့ရင်ဝယ်။နောက်မှဆိုရင်မရဘူး။လူကြိုက်များသလိုအရင်ကတည်းကပေါပေါများများရတဲ့ မှိုမဟုတ်တော့ ဈေးကြီးတယ်။ ဈေးတစ်ပတ် ပတ်ပြီးပြန်လာမှ ယူမယ်ဆိုရင်တောင် မရဘူး။ အခုက ရလိုက်မရလိုက်ပါ။ မြို့ပြင်က ဝင်လာတဲ့ ဈေးသည်တွေကို ရရင် ချန်ထားပါဆိုပြီးမှာရတာ။ အခုက မိုးသိပ်မပြတ်တော့ ရတဲ့အခါလည်းရပေါ့ဆိုပြီးမှာရတာ" ဟု အောင်မြေသာစံမြို့နယ်မှ ဈေးသည်တစ်ဦးကပြောသည်။

မှိုအုံးနက်မှာ လက်ရှိအချိန်တွင် တစ်ပိဿာကိုငွေကျပ် ၆၀,၀၀၀ မှ ၇၀,၀၀၀ ကြား အထိရှိနေပြီး စက်တင်ဘာလကုန်ပိုင်းမှ စပေါ်ထွက်လာကာ ပေါ်ဦးပေါ်ဖျားရက်သတ္တပတ် ၂ ပတ်အတွင်းဈေးနှုန်းအမြင့်ဆုံးရလေ့ရှိပြီး နောက်ပိုင်းတွင် ဈေးနှုန်းကျဆင်းလေ့ရှိကြောင်းသိရပါတယ်။

ယမန်နှစ်ကပေါ်ဦးပေါ်ဖျားကာလတွင် တစ်ပိဿာကို ငွေကျပ် ၆၀,၀၀၀ ဝန်းကျင်ရှိခဲ့ကာ ယခုနှစ်တွင် အဝင်နည်းသဖြင့် လိုသလောက်မရကြောင်း သိရပါတယ်။

မှိုအုံးနက်ကို အောက်ဘက်အရပ်တွင် ငှက်စွပ်မှိုအဖြစ် ခေါ်ပြီး မှိုထဲ အချိုဆုံးမှိုဖြစ်ပြီး လူကြိုက်များကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## ကျောက်ပန်းတောင်းမြို့နယ်ထွက် ဆောင်းကြက်သွန်နီများ ဈေးနှုန်းကျ



ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်တောင်သူများ စိုက်ပျိုးထွက်ရှိထားသည့် ဆောင်းကြက်သွန်နီခေါ် လှောင်ကြက်သွန်နီဈေးနှုန်းမှာ အောက်တိုဘာလအတွင်း လက်ရှိတွင် တစ်ပိဿာလျှင် ၁၀၀၀ ကျပ် ဈေးနှုန်းဖြင့်သာ ရောင်းချနေရခြင်းကြောင့် ယခုနှစ်ကြက်သွန်နီစိုက်ပျိုးရာသီတွင် စိုက်ပျိုးသူနည်းပါးသွားနိုင်ကြောင်း ကျောက်ပန်းတောင်းမြို့နယ်၊ ကန်ပတ်လည်အုပ်စု၊ မုန့်ကုန်းကျေးရွာရှိ ကြက်သွန်နီစိုက်ပျိုးသူများထံက သိရသည်။

ဆောင်းကြက်သွန်နီဈေးနှုန်းများမှာ ဧပြီလ၊ မေလ ပထမပတ်တို့တွင် တစ်ပိဿာလျှင် ၁၅၀၀ ကျပ်မှ ၁၇၀၀ ကျပ်ထိ ရောင်းချခဲ့ရပြီး မေလဒုတိယပတ်မှ အောက်တိုဘာလ ပထမပတ်ထိ ကြက်သွန်နီဈေးနှုန်းမှာ ၁၀၀၀ ကျပ်ခန့်ဖြင့်သာ ရောင်းချနေရခြင်းကြောင့် ကြက်သွန်နီစိုက်ပျိုးတောင်သူများ ယခုနှစ်စိုက်ပျိုးရန် အရင်းအနှီးအခက်အခဲများဖြစ်နိုင်ကြောင်း ကြက်သွန်စိုက်တောင်သူများမှရှင်းလင်းခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ဆောင်းကြက်သွန်နီခေါ် လှောင်ကြက်သွန်နီအများအပြားစိုက်ပျိုးကြပြီး ကြက်မောက်တောင်ချောင်းတစ်လျှောက်စိုက်ပျိုးခြင်း၊ ကြက်မောက်တောင်ဆည်ပတ်ဝန်းကျင်ကျေးရွာများမှ စိုက်ပျိုးခြင်း၊ ရေဆုံးအုပ်စုကျေးရွာများတွင် စိုက်ပျိုးခြင်းနှင့်စိတ္တိန်း၊ ကမ်းဖြူကျေးရွာများတွင် စိုက်ပျိုးကြကြောင်း၊ ဆောင်းကြက် သွန်နီတစ်သီးစိုက်ပျိုးရန် ပျိုးထောင်ချိန်မှ စိုက်ပျိုးချိန်၊ နုတ်သိမ်းချိန်ထိ အချိန်ကာလအားဖြင့် ၆ လ ကျော်ကြာမြင့်ကြောင်း၊ ဆောင်းကြက်သွန်မျိုးစတင်ပျိုးထောင်ချိန် သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလတို့တွင် ပျိုးထောင်ကြပြီး ပျိုးသက် ၄၅ ရက်ရှိလျှင် ကြက်သွန်စိုက်ခင်းအတွင်းသို့ရွှေ့ပြောင်းစိုက်ပျိုးရကြောင်း၊ ရွှေ့ပြောင်းမစိုက်ပျိုးခင်အချိန်ထိ ထွန်ရေးညက်အောင်ထွန်ယက်ရခြင်း၊ မြေဆီ၊ မြေသြဇာနှပ်ထားရခြင်း၊ ရေလောင်း၊ ရေဖျန်းရန် ကြိုတင်တွင်းတူး တွင်းဖော်ရခြင်းများ ကြိုတင်လုပ်ဆောင်ထားရကြောင်း၊ စိုက်ပျိုးချိန်တွင် ပျိုးနုတ်ရန် အလုပ်သမားငှားရမ်းရခြင်း၊ စိုက်ပျိုးရန် အလုပ်သမားအမြောက်အမြား ငှားစိုက်ရခြင်းများက ကြက်သွန်နီ စိုက်ပျိုးသူများ ငွေကုန်ကြေးကျများသည့် လုပ်ငန်းဖြစ်သော်လည်း နှစ်စဉ်နှစ်တိုင်းစိုက်ပျိုးနေကြဖြစ်ကြောင်း ညောင်ဖြူပင်ကျေးရွာ ကြက်သွန်စိုက်တောင်သူများထံက သိရသည်။

ဆောင်းကြက်သွန်နီ ဈေးနှုန်းများမှာ ၂ နှစ်ဆက်တိုက် ဈေးကျ၍ အရှုံးပေါ်ခဲ့သော်လည်း ယခုနှစ်တွင် ဈေးနှုန်းကောင်းကိုမျှော်လင့်နေကြကြောင်း၊ သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလတို့တွင် ကြက်သွန်နီဈေးနှုန်းအမြင့်ဆုံးသို့ ရောက်ရှိသော်လည်း သီတင်းကျွတ်လတွင် ၁၀၀၀ ကျပ်ဝန်းကျင်သာ ဈေးများဖြစ်ပေါ်ခဲ့သဖြင့် ကြက်သွန်စိုက်ပျိုးသူများ ထုတ်ရောင်းရမလို၊ ဆက်၍ သိုလှောင်ထားရမလိုဖြစ်နေကြောင်း မြို့နယ်အတွင်းရှိ ကြက်သွန်နီစိုက်ပျိုးသူများထံက သိရသည်။

**Source : DOCA(မန္တလေး)**

## ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် ဂျပန်နိုင်ငံမှ အမေရိကန်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုမှာ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ၇ လဆက်တိုက်ကျဆင်းခဲ့

ဂျပန်နိုင်ငံနှင့်အမေရိကန်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာသဘောတူညီချက်များရရှိခဲ့သော်လည်း အမေရိကန်နိုင်ငံသို့ တင်ပို့မှုကျဆင်းမှုမှာ လျော့နည်းခဲ့သည်။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် ဂျပန်နိုင်ငံမှ မေရိကန်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုမှာ ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၃ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ၁ ဒသမ ၇၅ ထရီလီယံယန်းရှိခဲ့ကြောင်းနှင့် ၇ လ ဆက်တိုက်ကျဆင်းခဲ့ကြောင်း ၂၁-၁၁-၂၀၂၅ ရက်နေ့ထုတ် The Mainichi သတင်းစာတွင် “Japan’s exports to US fall 3% in October, down for 7th straight month” ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်း၌ ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် ဂျပန်နိုင်ငံဘက်မှ ကုန်သွယ်မှုပိုငွေ ဖြစ်ပေါ်မှုမှာ ၃၃ ဒသမ ၆ ရာခိုင်နှုန်းလျော့နည်းခဲ့ပြီး၊ ၅၂၉ ဒသမ ၄ ဘီလီယံယန်းရှိခဲ့ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် အမေရိကန် နိုင်ငံမှ လေယာဉ်ဝယ်ယူမှု များပြားခဲ့ခြင်းကြောင့် အမေရိကန်နိုင်ငံမှ သွင်းကုန်များတင်သွင်းမှုမှာ ၂၀ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ ၁ ဒသမ၂၂ ထရီလီယံယန်းရှိခဲ့ကြောင်းနှင့် စံချိန်တင်အများဆုံးဖြစ်ခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံမှအမေရိကန်နိုင်ငံသို့ တင်ပို့လာသည့် မော်တော်ယာဉ်များအပေါ် ယခင်က ၂၇ ဒသမ ၅ ရာခိုင်နှုန်းအကောက်ခွန် ကောက်ခံခဲ့ရာမှ ၁၅ ရာခိုင်နှုန်းသို့ လျှော့ချကောက်ခံသွားရန် ဂျပန်နိုင်ငံနှင့်အမေရိကန်နိုင်ငံတို့အနေဖြင့် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင် သဘောတူညီခဲ့ကြကြောင်းနှင့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလလယ်တွင် အဆိုပါသဘောတူညီချက် အသက်ဝင်ခဲ့ ကြောင်း ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် ဂျပန်နိုင်ငံမှအမေရိကန်နိုင်ငံသို့ မော်တော်ယာဉ်တင်ပို့မှုမှာ တန်ဖိုးအားဖြင့် ၇ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းများထုတ်လုပ်သည့် စက်ပစ္စည်းများတင်ပို့မှုမှာ ၄၉ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းနှင့် ဆေးပစ္စည်းများတင်ပို့မှုမှာ ၃၀ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်းဖော်ပြထားသည်။

ဂျပန်နိုင်ငံမှကမ္ဘာ့နိုင်ငံများသို့ တစ်ပိုင်းလျှပ်ကူးပစ္စည်းများတင်ပို့မှုမြင့်တက်ခဲ့ခြင်းကြောင့် ဂျပန်နိုင်ငံနှင့်ကမ္ဘာ့နိုင်ငံများ ကုန်သွယ်မှုတွင် ဂျပန်နိုင်ငံဘက်မှကုန်သွယ်မှုလိုငွေ ၂၃၁ ဒသမ၈ ဘီလီယံရှိခဲ့ပြီး၊ ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၅၃ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ဂျပန်နိုင်ငံ၏ပို့ကုန်မှာ ၃ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး၊ ၉ ဒသမ ၇၇ ထရီလီယံယန်း ရှိခဲ့ကြောင်းနှင့် ၂ လဆက်တိုက်မြင့်တက်ခဲ့ကြောင်း၊ ဂျပန်နိုင်ငံ၏သွင်းကုန်မှာ သုည ဒသမ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး၊ ၁၀ ထရီလီယံယန်းရှိခဲ့ကြောင်းနှင့် ၂ လဆက်တိုက်မြင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံနှင့်တရုတ်နိုင်ငံ ကုန်သွယ်မှုပြုလုပ်ရာတွင် ဂျပန်နိုင်ငံဘက်မှ ကုန်သွယ်မှုလိုငွေ ၇၆၆ ဒသမ ၅ ဘီလီယံယန်းဖြစ် ပေါ်ခဲ့ပြီး၊ ၅၅ လဆက်တိုက် လိုငွေဖြစ်ပေါ်ခဲ့ကြောင်း၊ ဂျပန်နိုင်ငံ၏ပို့ကုန်မှာ ၂ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး၊ ၁ ဒသမ ၇၁ ထရီလီယံယန်းရှိခဲ့ကြောင်းနှင့် သွင်းကုန်မှာ သုည ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး၊ ၂ ဒသမ ၄၈ ထရီလီယံယန်းရှိခဲ့ကြောင်း၊ ဂျပန်နိုင်ငံနှင့်တရုတ်အပါအဝင် အာရှနိုင်ငံများ ကုန်သွယ်မှုပြုလုပ်ရာတွင် ဂျပန်နိုင်ငံဘက်မှ ကုန်သွယ်မှုပိုငွေ ၈ ဆကျော် ပိုမိုများ ပြားခဲ့ပြီး၊ ၂၀၉ ဒသမ ၁ ဘီလီယံယန်းရှိခဲ့ကြောင်း၊ ဂျပန်နိုင်ငံမှအာရှနိုင်ငံများသို့ ပို့ကုန်မှာ ၄ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး၊ ၅ ဒသမ ၂၅ ထရီလီယံယန်းရှိခဲ့ကြောင်းနှင့် သွင်းကုန်မှာ သုည ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး၊ ၅ ဒသမ ၀၄ ထရီလီယံယန်း ရှိခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံနှင့်အီးယူကုန်သွယ်မှုပြုလုပ်ရာတွင် ဂျပန်နိုင်ငံဘက်မှ ကုန်သွယ်မှုလိုငွေ ၉၆ ဒသမ ၈ ဘီလီယံယန်းဖြစ်ပေါ်ခဲ့ပြီး၊ ၂၁ လဆက်တိုက် ကုန်သွယ်မှုလိုငွေဖြစ်ပေါ်ခဲ့ကြောင်း၊ ဂျပန်နိုင်ငံမှ အီးယူသို့ ပို့ကုန်တင်ပို့မှုမှာ ၉ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ ၉၀၇ ဒသမ ၁ ဘီလီယံယန်းရှိခဲ့ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် အီးယူမှတင်သွင်းမှုမှာ ၉ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ၁ ထရီလီယံယန်းရှိခဲ့ကြောင်း ဖော်ပြထားသည်။

**Source : သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့**

## ဖိလစ်ပိုင်နိုင်ငံ ပို့ကုန်လုပ်ငန်းရှင်များသည် ၎င်းတို့၏ အမေရိကန်နိုင်ငံမှ အခွန်ကင်းလွတ်ခွင့်ရရှိမှုအခြေအနေကို တိုက်ဆိုင်စစ်ဆေးလို

ဖိလစ်ပိုင်ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့သင်္ဘောတင်ပို့ခဲ့သည့် စိုက်ပျိုးရေထွက်ကုန်ပစ္စည်းများအတွက် အခွန်ကင်း လွတ်ခွင့်ပေးခဲ့မှုအခြေအနေကို အမေရိကန်သွင်းကုန်ကုမ္ပဏီများနှင့် ဆွေးနွေးသွားရန်လိုအပ်ကြောင်း ဖိလစ်ပိုင်ကုန်သွယ်ရေး နှင့် စက်မှုဝန်ကြီးဌာနမှ ပို့ကုန်လုပ်ငန်းရှင်များသို့ ပြောကြားခဲ့သည်။

၁၄-၁၁-၂၀၂၅ ရက်နေ့က အမေရိကန်မှ ထုတ်ပြန်ခဲ့သည့်အမိန့်စာအရ ဖိလစ်ပိုင်နိုင်ငံမှ တင်ပို့မည့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများဖြစ်သော အုန်းသီးအခြေခံကုန်စည်များ၊ ငှက်ပျောသီး၊ နာနတ်သီး၊ သစ်သီးခြောက်များနှင့်ကော်ဖီတို့အပေါ် မူလက သတ်မှတ်ခဲ့သည့် သွင်းကုန်ခွန် ၁၉ ရာခိုင်နှုန်းကို ဖယ်ရှားပေးခဲ့ကြောင်း ဖိလစ်ပိုင်ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနမှ ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသို့ ၁၃-၁၁-၂၀၂၅ ရက်နေ့ ၁၂ နာရီ ၁ မိနစ် (နံနက်ပိုင်း)ချိန်မှစတင်ဝင်ရောက်ခဲ့သည့် ဖိလစ်ပိုင် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများအနေဖြင့် နောက်ဆုံးထုတ်ပြန်ပေးခဲ့သည့် အခွန်ကင်းလွတ်ခွင့်အား ရရှိမည်။

အကယ်၍ အခွန်ပေးဆောင်ထားပြီးဖြစ်ပါက အမိန့်ကြေညာစာအာဏာသက်ဝင်သည့် နေ့ရက်နောက်ပိုင်းရက်များအတွက် အခွန်ပြန်အမ်းငွေအား အမေရိကန်စံနှုန်းဥပဒေများ၊ အမေရိကန်အကောက်ခွန်ဌာန၏ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်းကိုလည်း ဖိလစ်ပိုင်ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနမှ ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံမှ အမေရိကန်နိုင်ငံသို့ တင်ပို့ခဲ့သည့်ပမာဏကို အခြေခံပါက ဖိလစ်ပိုင်နိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများတင်ပို့မှု အမေရိကန်ဒေါ်လာ ၁ ဘီလီယံခန့်ပမာဏအပေါ် အခွန်ကင်းလွတ်ခွင့်ရရှိနိုင်ကြောင်း ဖိလစ်ပိုင်ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးမှ ပြောကြားခဲ့သည်။

ထို့ပြင် ၂၀၂၄ ခုနှစ် သဘော်ာတင်ပို့မှုများအရ ဖိလစ်ပိုင်နိုင်ငံမှ အမေရိကန်သို့ စုစုပေါင်းတင်ပို့ခဲ့သည့် စက်မှုကုန်ပစ္စည်းများ ၏ ၄၆ ရာခိုင်နှုန်းအတွက် သွင်းကုန်ခွန် ၁၉ ရာခိုင်နှုန်း အခွန်ကင်းလွတ်ခွင့်ရရှိသွားမည်ဖြစ်သည်။ အမေရိကန်နိုင်ငံမှ ဖိလစ်ပိုင် နိုင်ငံအပေါ် ဩဂုတ်လမှစတင်၍ သွင်းကုန်ခွန် ၁၉ ရာခိုင်နှုန်း ကောက်ခံသွားရန် မူလက သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

**Source : ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့**

## STOCK EXCHANGE (26.11.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 26th Nov. 2025

Total Trading (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 4,091 (Shares) | 18,833,200 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | -100 | -1.15% | 8,600 | 8,600 | 8,600 | 1,295 | 11,137,000 | 33,109,694 | 284,743 |
| MTSH | 00002 | 3,600 | +0 | +0.00% | 3,600 | 3,600 | 3,550 | 551 | 1,958,600 | 38,929,150 | 140,145 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 45 | 342,000 | 10,400,986 | 79,048 |
| FPB | 00004 | 2,150 | +50 | +2.38% | 2,150 | 2,150 | 2,150 | 100 | 215,000 | 29,664,613 | 63,779 |
| TMH | 00005 | 2,950 | +100 | +3.51% | 2,950 | 2,950 | 2,950 | 3 | 8,850 | 12,823,224 | 37,829 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 951 | 1,581,700 | 19,977,223 | 33,961 |
| AMATA | 00007 | 3,600 | +0 | +0.00% | 3,650 | 3,650 | 3,600 | 15 | 54,250 | 10,497,598 | 37,791 |
| MAEX | 00008 | 3,100 | -50 | -1.59% | 3,150 | 3,150 | 3,100 | 1,131 | 3,535,800 | 23,804,946 | 73,795 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 26th Nov. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,091 (Shares) | 18,833,200 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | -100 | -1.15% | 8,600 | 8,600 | 8,600 | 1,295 | 11,137,000 | 33,109,694 | 284,743 |
| MTSH | 00002 | 3,600 | +0 | +0.00% | 3,600 | 3,600 | 3,550 | 551 | 1,958,600 | 38,929,150 | 140,145 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 45 | 342,000 | 10,400,986 | 79,048 |
| FPB | 00004 | 2,150 | +50 | +2.38% | 2,150 | 2,150 | 2,150 | 100 | 215,000 | 29,664,613 | 63,779 |
| TMH | 00005 | 2,950 | +100 | +3.51% | 2,950 | 2,950 | 2,950 | 3 | 8,850 | 12,823,224 | 37,829 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 951 | 1,581,700 | 19,977,223 | 33,961 |
| AMATA | 00007 | 3,600 | +0 | +0.00% | 3,650 | 3,650 | 3,600 | 15 | 54,250 | 10,497,598 | 37,791 |
| MAEX | 00008 | 3,100 | -50 | -1.59% | 3,150 | 3,150 | 3,100 | 1,131 | 3,535,800 | 23,804,946 | 73,795 |

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 26th Nov. 2025

| Trading Volume | Trading Value |
|---|---|
| 4,891 (Shares) | 20,913,200 (MMK) |

### Main Board

As of 1:00 pm, 26th Nov. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,091 (Shares) | 18,833,200 (MMK) |

| MYANPIX | 398.21 ▼0.92 |
|---|---|
| Total Volume (shares) | 4,091 |
| Total Value (MMK) | 19 mil |
| Listed Company | 8 |
| Market Cap. (MMK) | 751,091 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▼100 |
| MTSH | 00002 | 3,600 | ▲0 |
| MCB | 00003 | 7,600 | ▲0 |
| FPB | 00004 | 2,150 | ▲50 |
| TMH | 00005 | 2,950 | ▲100 |
| EFR | 00006 | 1,700 | ▲0 |
| AMATA | 00007 | 3,600 | ▲0 |
| MAEX | 00008 | 3,100 | ▼50 |

TIR